# ရခိုင်ပြည်နယ်၌၂၀၁၂ခုနှစ်ဇွန်လအတွင်းဖြစ်စဉ်များနှင့်ပတ်သတ်သည့် သတင်းထုတ်ပြန်ချက် (၄/၂၀၁၂)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင် (၂) ဦးတို့ ဇွန်လ (၂၇) ရက်နေ့မှ ဇူလိုင်လ (၁)ရက်နေ့အထိ ရခိုင်ပြည်နယ် စစ်တွေ၊ မောင်တော၊ ဘူးသီးတောင် နှင့် ရသေ့တောင်မြို့နယ်များသို့ သွားရောက်ပြီး တာဝန်ရှိသူများ၊ ဘာသာရေး ခေါင်းဆောင်များ၊ ဒုက္ခသည်များ နှင့် တွေ့ဆုံဆွေးနွေး၍ လေ့လာသုံးသပ်ခဲ့ကြပါသည်။

ရခိုင်ပြည်နယ်အတွင်း မတ်လ(၂၈)ရက်နှင့် ဇွန်လ(၃)ရက် ဖြစ်စဉ်များသည် မမျှော်လင့်သော မထင်မှတ်သောဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပွားခဲ့ကြောင်းတွေ့ရှိရပါသည်။ ဇွန်လ(၈)ရက်နေ့တွင် မောင်တောမြို့ပေါ် နှင့် ကျေးရွာအချို့တွင် ဖြစ်ပွားသော အကြမ်းဖက်မှုများမှ စတင်၍ စစ်တွေမြို့ နှင့် အခြားမြို့နယ်များတွင် လူမျိုးစု(၂)ခုကြား အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည်မှာ ကြားသိရသော ပြည်သူအပေါင်း စိတ်ထိခိုက်ခဲ့ကြရပါသည်။ ပြည်သူလူထု၊နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော် အသိုက်အဝန်းမှ စိုးရိမ်ပူပန်သည့်နည်းတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း အဆိုပါ လူ့အခွင့်အရေး ချိုးဖောက်မှုများ အပေါ် စိုးရိမ်ပူပန်မှု ဖြစ်ပေါ်ခဲ့ရပါသည်။ နှစ်ဘက် ထိခိုက်ဆုံးရှုံးမှုများမှာလည်း ရုပ်ပိုင်းဆိုင်ရာ သာမက စိတ်ပိုင်းဆိုင်ရာပါ လွန်စွာကြီးမားကြောင်း တွေ့မြင်သိရှိခဲ့ရပါသည်။

နိုင်ငံတော်အစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရအနေဖြင့်(၂)ဘက်သောဒုက္ခသည်များ ကယ်ဆယ်စောင့်ရှောက်ရေးစခန်းများကို မောင်တောမြို့ပေါ်နှင့် မြို့နယ်အတွင်း(၁၁)ခု၊ စစ်တွေမြို့ပေါ်နှင့် မြို့နယ်တွင် (၅၇)ခု၊ ရသေ့တောင်မြို့ပေါ်တွင် (၄)ခု၊ စုစုပေါင်း(၇၂)ခု၊ ထားရှိဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ စခန်း(၇၂)ခုအနက် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း (၅၆)ကျောင်း၌ စခန်းဖွင့်လှစ်ထားကြောင်း သိရှိရပါသည်။ ဘူးသီးတောင်မြို့နှင့် ပုဏ္ဏားကျွန်းမြို့များရှိ ကယ်ဆယ်ရေးစခန်း မှ ရခိုင်တိုင်းရင်းသားအားလုံး သက်ဆိုင်ရာနယ်မြေနှင့် ကျေးရွာသို့ လုံခြုံစိတ်ချစွာ ပြန်လည် ပို့ဆောင် ပေးပြီးဖြစ်ကြောင်း သိရှိရပါသည်။

အထက်ပါ ကယ်ဆယ်စောင့်ရှောက်ရေးစခန်းများရှိ ဒုက္ခသည်များအား နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အနုပညာရှင်များ၊ စေတနာရှင် ပြည်သူများ၏ ကူညီထောက်ပံ့မှုများ လှူဒါန်းမှုများဖြင့် စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး အခြေခံလိုအပ်ချက်များကို ရနိုင်သမျှ ရရှိသမျှ ငွေကြေး၊ ရိက္ခာ၊ ပစ္စည်းများပေါ် မူတည်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည်များကို တွေ့ရှိရပါသည်။ နယ်မြေနှင့် စခန်းများ၏ လုံခြုံရေးအား တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးနှင့် ကွပ်ကဲမှုဌာနချုပ်

(နစက)တို့မှ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကော်မရှင်အဖွဲ့ ရောက်ရှိခဲ့ သောမြို့နယ်များတွင် တည်ငြိမ်မှု၊လုံခြုံမှု တိုးတက်ရရှိနေသည့် အခြေအနေကို တွေ့မြင်ခဲ့ရပါသည်။

ရခိုင်ပြည်နယ် မြောက်ပိုင်းအခြေအနေများ ပုံမှန်ပြန်ဖြစ်ရေး ရေရှည်လုပ်ငန်းစဉ်များတွင် အောက်ပါ အစီအစဉ်များအား သုံးသပ်အကြံပြု တိုက်တွန်းပါသည်-

- တရားဥပဒေစိုးမိုးရေးအား အမြန်ဆုံးတည်ဆောက်သင့်ပြီး ဖြစ်ပွားခဲ့သော အကြမ်းဖက် ကျူးလွန်မှုများအပေါ် ဥပဒေနှင့်အညီ မှန်ကန်ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ပါသည်။
- အကြမ်းဖက်ခံရသော လူမျိုးစု (၂) စု ၏ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ခြင်းနှင့်အတူ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု နှင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးကိုလည်း ဆောင်ရွက်သင့်ပါသည်။
- အပြန်အလှန် ယုံကြည်မှု တည်ဆောက်ရေး၊ အသိပညာ ဗဟုသုတ ကြွယ်ဝရေးတို့အတွက် ၎င်းနယ်မြေရှိ ကလေးသူငယ်များ၏ အခြေခံပညာတတ်မြောက်မှုနှုန်းမြင့်မားရေး အထူး အစီအစဉ်တစ်ရပ် အမြန်ဆောင်ရွက်ပေးသင့်ပါသည်။
- အခင်းဖြစ်ပွားသောနယ်မြေရှိဒုက္ခသည်များ အတွက် အခြေခံလိုအပ်ချက်များကို အဖွဲ့အစည်းအသီးသီးနှင့် စေတနာရှင်ပြည်သူများမှ ကူညီထောက်ပံ့မှုများဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။ အခြေခံလိုအပ်ချက်များ ရှိနေဆဲဖြစ်သဖြင့် ယခုထက်တိုးမြင့်ကူညီပေးနိုင်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။၂၀၁၂ခုနှစ်၊ဇူလိုင်လ (၁၁) ရက်